# စုံလင်ကွဲပြားမှုမှသည် ညီညွတ်ခြင်းဆီသို့



## ဖက်ဒရယ်မှတ်စုများ
## အပိုင်း(၂)

ဖက်ဒရယ်ပြည်ထောင်စုဝန်ကြီးဌာန

နှင့်

SFIG တို့ပူးပေါင်းစီစဉ်သည့်

အလုပ်ရုံဆွေးနွေးပွဲမှ ထုတ်နုတ်ချက်များ

# စုံလင်ကွဲပြားမှုမှသည် ညီညွတ်ခြင်းဆီသို့

## ဖက်ဒရယ်မှတ်စု အပိုင်း (၂)

ဖက်ဒရယ်ရေးရာဝန်ကြီးဌာနနှင့် SFIG တို့ ပူးပေါင်းစီစဉ်သည့်

အလုပ်ရုံဆွေးနွေးပွဲမှ ထုတ်နုတ်ချက်များ

## စုံလင်ကွဲပြားမှုမှသည် ညီညွတ်ခြင်းဆီသို့

စုံလင်ကွဲပြားမှုဟုဆိုရာဝယ် ဒေသကိုအခြေပြုသည့် စုံလင်ကွဲပြားမှုနှင့် ဒေသကိုအခြေမပြုသည့် စုံလင်ကွဲပြားမှုဟူ၍ ရှိ၏။ ဒေသကိုအခြေပြုသည့် အမျိုးအစားတွင် လူမျိုး၊ ဘာသာစကား၊ ယဉ်ကျေးမှု၊ ကိုးကွယ်ရာဘာသာ စသည်တို့ ပါဝင်ပြီး ဒေသကို အခြေမပြုသည့် အမျိုးအစားတွင် နိုင်ငံရေးအတွေးအခေါ်၊ လူမှုအဆင့်အတန်း၊ ဆင်းရဲချမ်းသာနှင့် ကျား,မ၊ ဂျန်ဒါ စသည်တို့ ပါဝင်သည်။

ဒေသကို အခြေပြုသည့် စုံလင်ကွဲပြားမှုများကို တိုင်းပြည် ဝါးအစည်းပြေသကဲ့သို့ မဖြစ်အောင် ဖက်ဒရယ်အုပ်ချုပ်မှုစနစ် နည်းနာများဖြင့် စီမံခန့်ခွဲနိုင်ပါ၏။ သို့သော် ဒေသကို အခြေမပြုသည့် စုံလင်ကွဲပြားမှုများကို စီမံခန့်ခွဲရန်တော့ ဖက်ဒရယ်အုပ်ချုပ်မှုစနစ်အပြင် အခြားနည်းနာများ ထပ်ဆောင်းလိုအပ်ပါသေးသည်။ အသေးစိတ်ကို ဆက်လက်ဆွေးနွေးတင်ပြပါမည်။

## ဖွံ့ဖြိုးတိုးတက်၍ ညီညွတ်သော<br>ဒီမိုကရက်တစ် ဗဟုအဖွဲ့အစည်း တည်ဆောက်ခြင်း

စုံလင်ကွဲပြားသော လူ့အဖွဲ့အစည်းများတွင် ပဋိပက္ခများဖြစ်ပွားရခြင်းမှာ အရင်းခံအကြောင်း ၃ ရပ် ရှိပါသည်။ ၎င်းတို့မှာ

(က) နိုင်ငံရေးအာဏာအား ခွဲဝေကျင့်သုံးမှု မရှိခြင်း၊

(ခ) နိုင်ငံ၏ ဖွံ့ဖြိုးတိုးတက်မှုအား မျှဝေခံစားမှု မရှိခြင်း၊

(ဂ) လူနည်းစုများ၏ သရုပ်လက္ခဏာများအား လေးစားအသိအမှတ်ပြုနေရာပေးမှု မရှိခြင်းတို့ ဖြစ်ကြသည်။ အဆိုပါ အရင်းခံအကြောင်းတရားများကို ဖြေရှင်းနိုင်ရန် ဖက်ဒရယ်အုပ်ချုပ်မှုစနစ် နည်းနာများကို ဖော်ဆောင်ရပါသည်။ ၎င်းနည်းနာများအနက်

အချို့ကို ဖွဲ့စည်းပုံအခြေခံဥပဒေအရ သတ်သတ်မှတ်မှတ် ဖော်ဆောင်ရပြီး အချို့မှာတော့ ဆွေးနွေးညှိနှိုင်းမှုအရလည်းကောင်း၊ အစဉ်အလာအားဖြင့်လည်းကောင်း ဖော်ဆောင်ရပါသည်။ အဆိုပါ နည်းနာများမှာ အောက်ပါတို့ ဖြစ်ကြသည်။

နည်းနာ ၁။ ပြည်နယ်များ ပိုင်းခြားသတ်မှတ်ပြီး ပြည်နယ်အစိုးရများ ဖွဲ့စည်းအုပ်ချုပ်ခြင်း။

နည်းနာ ၂။ ပြည်နယ်အစိုးရများအား ဖွဲ့စည်းပုံအခြေခံဥပဒေအရ လုပ်ပိုင်ခွင့်အာဏာများ ခွဲဝေပေးခြင်း။

နည်းနာ ၃။ ပြည်နယ်များကို ကိုယ်စားပြုသော ဗဟိုအင်စတီကျူးရှင်းများ တည်ဆောက်ခြင်း။ (အထက်လွှတ်တော်)

နည်းနာ ၄။ နိုင်ငံတော်အဆင့် အင်စတီကျူးရှင်းများတွင် ပြည်ထောင်စုသားအားလုံးကို ကိုယ်စားပြုခြင်း။ (နိုင်ငံတော်အကြီးအကဲ ခန့်အပ်ခြင်း၊ နိုင်ငံတော်အစိုးရအဖွဲ့ ဖွဲ့စည်းခြင်း၊ ဝန်ထမ်းအဖွဲ့အစည်း၊ ကော်မရှင်များ။)

နည်းနာ ၅။ ပြည်ထောင်စုသားအားလုံးကို ကိုယ်စားပြုသော အမှတ်သရုပ်လက္ခဏာများ တည်ဆောက်ခြင်း။ (နိုင်ငံတော်အလံ၊ ငွေစက္ကူ လမ်း၊ တံတား အမည်များ၊ အားလပ်ရက်များ သတ်မှတ်ခြင်း။)

အထက်ပါနည်းနာများ ကျင့်သုံးခြင်းအားဖြင့် ပြည်နယ်အဆင့် လူနည်းစုများ၏ အရေးအရာကိစ္စများကို စီမံခန့်ခွဲနိုင်ပါ၏။ အဆိုပါနည်းနာများအပြင် ထပ်ဆောင်းလိုအပ်သော နည်းနာများလည်း ရှိနေပါသည်။ ၎င်းတို့မှာ

(က) ပြည်နယ်နယ်နိမိတ်များ ပြင်ဆင်သတ်မှတ်ခြင်း

(ခ) ပြည်နယ်တွင်း လူနည်းစုများအား ဗဟိုအစိုးရကကာကွယ်ပေးခြင်း

(ဂ) နိုင်ငံသားတိုင်း၏ အခြေခံရပိုင်ခွင့်များ သတ်မှတ်ပေးထားခြင်း တို့ ဖြစ်ပါသည်။

## (က) ပြည်နယ်နယ်နိမိတ်များ ပြင်ဆင်သတ်မှတ်ခြင်း

ပြည်နယ်နယ်နိမိတ်များ ပိုင်းခြားသတ်မှတ်ရာတွင် လူမျိုးကို အခြေခံသည် လည်း ရှိ၏ (ဥပမာ – အီသီယိုးပီးယား)။ ဘာသာစကားကို အခြေခံသည်လည်း ရှိ၏ (ဥပမာ – ကနေဒါ နှင့် လွတ်လပ်ရေးရခါစ အိန္ဒိယ)။ လူမှုစီးပွားကို အခြေခံသည်လည်း ရှိ၏။ ၎င်းတို့ကို အခြေခံခြင်းမရှိဘဲ စီမံအုပ်ချုပ်ရ လွယ်ကူမှုကို အခြေခံ၍ ပိုင်းခြား သတ်မှတ်သည်လည်း ရှိသည် (ဥပမာ – အမေရိကန်ပြည်ထောင်စု)။ ထို့ပြင် အဆိုပါ နယ်နိမိတ်များမှာ အခြေအနေအရ ပြောင်းလဲတတ်သည့်သဘောလည်း ရှိ၏။

နိုင်ဂျီးရီးယားနိုင်ငံတည်ထောင်ခါစက ၃ ပြည်နယ်သာ ရှိသော်လည်း ယခုအခါ ပြည်နယ်ပေါင်း ၃၆ ပြည်နယ် ရှိလာပြီ ဖြစ်သည်။ ဆွစ်ဇာလန်နိုင်ငံတွင် Bern ပြည်နယ် မှ သီးခြားခွဲထုတ်၍ Jura ဆိုသည့် ပြည်နယ်ကို ၁၉၇၉ ခုနှစ်တွင် ဖွဲ့စည်းပေးခဲ့ရသည်။ အိန္ဒိယနိုင်ငံတွင်တော့ ၁၉၅၆ ခုနှစ်က ဘာသာစကားကို အခြေခံ၍ ပြည်နယ်များဖွဲ့စည်း ခဲ့သော်လည်း ၁၉၇၀ နှစ်ကာလများတွင် လူမျိုးကို အခြေခံ၍ တိုးချဲ့ပြင်ဆင်ဖွဲ့စည်းခဲ့ရ သည်။ ထို့ပြင် ၂၀၁၄ ခုနှစ်တွင်လည်း လူမှုစီးပွားဖွံ့ဖြိုးတိုးတက်မှုကို အရင်းခံ၍ မူလ အန်ဒရာပရာဒေ့ရှ် (Andhra Pradesh) ပြည်နယ်မှ သီးခြားခွဲထုတ်ကာ တယ်လီဂါနာ (Telegana) ပြည်နယ်သစ်ကို ဖွဲ့စည်းပေးခဲ့ရပါသည်။

အချုပ်ဆိုရသော် ပြည်နယ်နယ်နိမိတ်များမှာ အမြဲအသေမဟုတ်ဘဲ ပြောင်းလဲ ရွေ့လျားတတ်သည့် သဘောရှိပါသည်။ ထို့ပြင် လူမျိုးကို အခြေခံ၍ ပြည်နယ်များဖွဲ့စည်း မည်ဆိုလျှင် ဖက်ဒရေးရှင်းအတွင်း ရှိရှိသမျှ လူမျိုးအားလုံးအတွက် ပြည်နယ်တစ်ခုစီ ဖွဲ့စည်းရန်မှာမူ လက်တွေ့မကျပေ။ ထို့ကြောင့် ပြည်နယ်တွင်း လူနည်းစုများအတွက် လည်း အစီအမံများ လိုအပ်လာပါသည်။ ဤအကြောင်းကို ဆက်လက်ဆွေးနွေးပါမည်။

## (ခ) ပြည်နယ်တွင်း လူနည်းစုများအား ဗဟိုအစိုးရက ကာကွယ်ပေးခြင်း

ပြည်နယ်အဆင့် လူမျိုးကြီးများက ပြည်နယ်တွင်း အခြားလူနည်းစုများအား ဖိနှိပ်မှု မရှိအောင် ဗဟိုအစိုးရအား လုပ်ပိုင်ခွင့် အပ်နှင်းထားသည်များ ရှိတတ်ပါသည်။ ဥပမာအားဖြင့် ကနေဒါနိုင်ငံတွင် ဌာနေလူမျိုးများ၏ ပညာရေးနှင့် မြေယာအခွင့်အရေး တို့ကို အကာအကွယ်ပေးရန် ဖွဲ့စည်းပုံအခြေခံဥပဒေက ဖက်ဒရယ်အစိုးရအား တာဝန်

ပေးအပ်ထားပါသည်။ ဇာတ်နိမ့်၊ ဇာတ်မြင့် ခွဲခြားမှုရှိသော အိန္ဒိယနိုင်ငံတွင်လည်း ပြည်နယ်တွင်းရှိ ဇာတ်နိမ့်များ၏ ဘာသာစကားဆိုင်ရာ အခွင့်အရေး၊ ပညာရေးဆိုင်ရာ အခွင့်အရေးများကို ကာကွယ်ပေးနိုင်ရန် ဗဟိုအစိုးရက ပြည်နယ်အစိုးရအား အမိန့်ပေးညွှန်ကြားပိုင်ခွင့် ရှိပါသည်။ သီးခြားခန့်အပ်ထားသော အထူးအရာရှိများက ပြည်နယ်တွင်းလူနည်းစုများ၏ လူမှုစီးပွားအခြေအနေများကို ဗဟိုအစိုးရအား အစီရင်ခံ တင်ပြရပါသည်။ မလေးရှားနိုင်ငံတွင် ဌာနေလူမျိုးများ၏ ပညာရေး၊ ကျန်းမာရေး ကိစ္စများကို ဖက်ဒရယ်အစိုးရက အကာအကွယ်ပေးရပါသည်။ သို့သော် ဆာဘတ် (Sabah) နှင့် ဆာရာဝက် (Sarawak) တွင် ပြည်နယ်အစိုးရများက တာဝန်ယူကြပါသည်။ ပြည်နယ်ဖွဲ့စည်းပုံအခြေခံဥပဒေထဲတွင် ဌာနေလူမျိုးများ၏ အခွင့်အရေးများကို ထည့်သွင်းရေးဆွဲထားသည်ကို တွေ့ရသည်။

## (ဂ) နိုင်ငံသားတိုင်း၏ အခြေခံရပိုင်ခွင့်များ သတ်မှတ်ပေးထားခြင်း

အမေရိကန်ပြည်ထောင်စုကဲ့သို့ ဖွဲ့စည်းပုံပါ နိုင်ငံသားများ၏ အခြေခံရပိုင်ခွင့်များ သတ်မှတ်ပေးထားခြင်း (Bill of Rights) သည်လည်း လူနည်းစုများ၏ အခွင့်အရေးကို ကာကွယ်ရန် နောက်ထပ် နည်းနာတစ်ရပ် ဖြစ်ပါသည်။ အမှန်မှာ အဆိုပါ (Bill of Rights) ဆိုသည်မှာ ဖွဲ့စည်းပုံအခြေခံဥပဒေအား ပြင်ဆင်ချက်တစ်ခုပင် ဖြစ်သည်။ ကနဦးက နိုင်ငံသားများ၏ အခွင့်အရေးအား ဖက်ဒရယ်အစိုးရက အလွဲသုံးစားမပြုစေရန် ရည်ရွယ်ခဲ့သော်လည်း နောက်ပိုင်းတွင် ပိုမိုကျယ်ပြန့်လာခဲ့သည်။ အဆိုပါ (Bill of Rights) မှာ လူနည်းစုများအတွက် သီးခြားရေးဆွဲပြဋ္ဌာန်းခဲ့ခြင်း မဟုတ်သည့်တိုင် ၎င်းကို အခြေခံ၍ အာဖရိကန်အမေရိကန်များ မဲပေးခွင့်ရရှိလာခြင်း၊ လူဖြူများနည်းတူ သွားလာနေထိုင်စားသောက်နိုင်လာခြင်း၊ ပညာသင်ကြားလာနိုင်ခြင်း စသည့် အခွင့်အရေးများ ရရှိလာခဲ့ခြင်း ဖြစ်သည်။

အမေရိကန်ကို နမူနာယူ၍ နောက်ပိုင်း ဖက်ဒရယ်နိုင်ငံများ၏ ဖွဲ့စည်းပုံတွင် နိုင်ငံသားများ၏ အခြေခံရပိုင်ခွင့်များကို ထည့်သွင်းပြဋ္ဌာန်းလာကြသည်။ မက္ကဆီကို၊ ဂျာမနီ၊ အိန္ဒိယ၊ မလေးရှား၊ စပိန်၊ ဘယ်လ်ဂျီယံ၊ တောင်အာဖရိက၊ ဘရာဇီးနှင့် နိုင်ဂျီးရီးယားနိုင်ငံများ၏ ဖွဲ့စည်းပုံအခြေခံဥပဒေများကို လေ့လာနိုင်ပါသည်။ ထို့ပြင် ကနဦးဖက်ဒရယ်နိုင်ငံများ ဖြစ်ကြသည့် ကနေဒါ (၁၉၈၂) နှင့် ဆွစ်ဇာလန်နိုင်ငံ (၁၉၉၉) တို့၏ ဖွဲ့စည်းပုံများတွင်လည်း ပြင်ဆင်ချက်အနေဖြင့် ထည့်သွင်းခဲ့ကြသည်ကို တွေ့ရသည်။

ဤသည်တို့မှာ လူနည်းစုအခွင့်အရေးများကို ကာကွယ်မြှင့်တင်ရန်အတွက် ထပ်ဆောင်း လိုအပ်သော အစီအမံများ ဖြစ်ကြပါသည်။ ၎င်းအခွင့်အရေးများမှာ လူပုဂ္ဂိုလ်တစ်ဦးချင်း အခွင့်အရေးကို အလေးထားဆောင်ရွက်သည်ကို တွေ့ရပါသည်။ တချို့ ဖက်ဒရယ်နိုင်ငံများတွင်တော့ လူပုဂ္ဂိုလ်တစ်ဦးချင်း အခွင့်အရေးအပြင် လူအုပ်စုအခွင့်အရေးကိုပါ ကာကွယ်မြှင့်တင်ပေးသည့် အစီအမံများ ထားရှိသည်ကို တွေ့ရပါသည်။

## လူအုပ်စုအခွင့်အရေး

လူပုဂ္ဂိုလ်တစ်ဦးချင်းအခွင့်အရေး အရေးကြီးသကဲ့သို့ လူအုပ်စုအခွင့်အရေးသည်လည်း အရေးပါပါသည်။ ဥပမာအားဖြင့် ဂျာမနီနိုင်ငံတွင် ဆရာများသမဂ္ဂ၊ အလုပ်သမားသမဂ္ဂ၊ တက္ကသိုလ်များသမဂ္ဂစသည့် အစုအဖွဲ့များ၏ အခွင့်အရေးများကို ၎င်း၏ဖွဲ့စည်းပုံအခြေခံဥပဒေတွင် ထည့်သွင်းပြဋ္ဌာန်းထားပါသည်။ လူမျိုးနှင့် ဘာသာစကား၊ ကိုးကွယ်ရာ ဘာသာ စုံလင်ကွဲပြားသော မလေးရှားနှင့် နိုင်ဂျီးရီးယားနိုင်ငံတွင်လည်း စုံလင်ကွဲပြားသော အဆိုပါ လူအုပ်စုများ၏ သာသာစကားအခွင့်အရေးနှင့် ဘာသာရေးလွတ်လပ်ခွင့်တို့ကို ပြဋ္ဌာန်းပေးထားသည်ကို တွေ့ရသည်။ အလားတူပင် အိန္ဒိယနိုင်ငံတွင်လည်း ဘာသာစကား လူနည်းစုများ၏ ဘာသာစကားအခွင့်အရေး၊ ပညာရေးလွတ်လပ်ခွင့်တို့ကို အကာအကွယ်ပေးထားပါသည်။ ထို့ပြင် ဇာတ်နိမ့်၊ ဇာတ်မြင့် ခွဲခြားမှု ရှိခြင်းကြောင့် ဇာတ်နိမ့်များ၏ အခွင့်အရေးကို ကာကွယ်ရန် ကော်မရှင်တစ်ခု ဖွဲ့စည်း၍လည်းကောင်း၊ အထူးအရာရှိခန့်အပ်၍လည်းကောင်း ဆောင်ရွက်သည်ကို တွေ့ရသည်။

၁၉၈၂ ခုနှစ်တွင်တော့ အခွင့်အရေးနှင့် လွတ်လပ်ခွင့်ဆိုင်ရာ ပဋိညာဉ် (Charter of Rights and Freedoms) ကို ကနေဒါနိုင်ငံ၏ ဖွဲ့စည်းပုံတွင် ထပ်မံဖြည့်စွက်ခဲ့ပါသည်။ အဆိုပါပဋိညာဉ်တွင် လူပုဂ္ဂိုလ်တစ်ဦးချင်းအခွင့်အရေးများအပြင် ဘာသာစကား လူနည်းစုများ၏ အခွင့်အရေး၊ ဌာနေလူမျိုးစုများ၏ အခွင့်အရေး၊ ဗဟုယဉ်ကျေးမှုဆိုင်ရာ အခွင့်အရေးများပါ ပါဝင်ပါသည်။ ဆွစ်ဇာလန်နိုင်ငံတွင် မူလက နိုင်ငံတော်ဘာသာ ၄ ခု၊ ရုံးသုံးဘာသာ ၃ ခု သတ်မှတ်ခဲ့ရာ ယခုအခါ ဘာသာစကားအားလုံးကို တန်းတူသတ်မှတ်လိုက်သည့်အပြင် ပြည်နယ်များအား ဘာသာစကားဆိုင်ရာ ကိစ္စရပ်များကို စီမံဆောင်ရွက်ပိုင်ခွင့် အပ်နှင်းထားပါသည်။

လူမျိုးကို အခြေခံသော ဖက်ဒရယ်စနစ်ကျင့်သုံးသည့် အီသီယိုးပီးယားတွင်လည်း လူမျိုးပေါင်း ၈၀၊ ဘာသာစကားပေါင်း ၂၀၀ ကျော် ရှိသည်ဖြစ်ရာ လူမျိုးတစ်မျိုး၊ ပြည်နယ်တစ်ခု ဖွဲ့စည်းရန် မဖြစ်နိုင်သောကြောင့် ဘုံဘာသာစကားတစ်ခု သတ်မှတ်ရပါသည်။ သို့သော် ဘာသာစကားတိုင်းကိုတော့ အသိအမှတ်ပြုပြီး စာသင်ကျောင်းများတွင် သင်ခွင့်ရှိပါသည်။ ပြည်နယ်အဆင့်၊ ဖက်ဒရယ်အဆင့် ရုံးဌာနများတွင်လည်း ဘာသာပြန်များထားရှိပေးထားလေ့ ရှိပါသည်။

ဤသည်တို့မှာ လူအုပ်စုအခွင့်အရေးများနှင့်ပတ်သက်၍ ဖက်ဒရယ်နိုင်ငံအချို့ ကျင့်သုံးပုံများ ဖြစ်ကြသည်။

## စုံလင်ကွဲပြားမှုမှသည် ညီညွတ်ခြင်းဆီသို့

သို့သော် ယခုအစီအမံများ ရှိနေရုံနှင့် လုံလောက်ပြီဟု မဆိုနိုင်ပါ။ အဘယ်ကြောင့်ဆိုသော် ၎င်းအစီအမံများ အသားကျပြီးဖြစ်သည့် ဖွံ့ဖြိုးပြီးနိုင်ငံများတွင်ပင် လူများစု–လူနည်းစု ပဋိပက္ခများ၊ လူနည်းစုများအား ခွဲခြားဆက်ဆံခြင်းများ ရှိနေဆဲ ဖြစ်သောကြောင့် ဖြစ်သည်။ ဥပမာအားဖြင့် အမေရိကန်ပြည်ထောင်စုတွင် ၂၀၁၃ ခုနှစ်မှ စတင်၍ ဖြစ်ပွားခဲ့သော လူ့ပ်ရှားမှုကို ကြည့်နိုင်ပါသည်။ ထို့ကြောင့် အထက်ဖော်ပြပါ အစီအမံများ ရှိနေရုံနှင့် မလုံလောက်ဘဲ စုံလင်ကွဲပြားမှုအပေါ်ထားရှိသော လူတို့၏ သဘောထားအမြင်များကိုပါ ပြောင်းလဲဖို့ လိုအပ်ပါသည်။ စုံလင်ကွဲပြားမှုအား ခွဲခြားဆက်ဆံတတ်သည့် အမြင်သဘောထားများ ရှိနေသမျှ ညီညွတ်မှု ရှိမည်မဟုတ်ပေ။ ထိုအခါ စုံလင်ကွဲပြားလေလေ၊ မညီညွတ်လေလေ၊ နိုင်ငံဆုတ်ယုတ်လေလေသာ ဖြစ်ပါမည်။ ထို့ကြောင့် စုံလင်ကွဲပြားမှုကို နိုင်ငံဖွံ့ဖြိုးတိုးတက်မှုအတွက် တွန်းအားအဖြစ် ပြောင်းနိုင်ရန်မှာ လူအများကိုယ်တိုင် စုံလင်ကွဲပြားမှုအပေါ် ထားအပ်သော မိမိတို့အမြင်များ အကောင်းဘက်သို့ ဦးတည်ဖို့ လိုပါသည်။ တစ်ယောက်မှစ တစ်ရွာ၊ တစ်ရွာမှသည် တစ်ထောင်၊ တစ်သောင်း၊ တစ်သိန်းအားဖြင့် ကိုယ်တိုင်ကိုယ်ကျ ပါဝင်မှသာ အားလုံးပါဝင်သော ဒီမိုကရက်တစ် ဗဟုအဖွဲ့အစည်းကို ညီညီညွတ်ညွတ် တည်ဆောက်နိုင်ပါလိမ့်မည်။

# စံလင်ကွဲပြားမှုမှသည် ညီညွတ်ခြင်းဆီသို့

# ဖက်ဒရယ်မှတ်စုများ

# အပိုင်း(၂)

